# Numeric Functions

- ကိန်းဂဏန်းများကို ပေါင်းခြင်း ("**=SUM()**")

  ပေါင်းလိုသော cell လိပ်စာများကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုထက်ပိုသော လိပ်စာများပေးလိုပါက ကြားတွင် "," ထည့်ပေးရမည်။ Home Tab - " Σ " ကို နှိပ်၍လည်း လုပ်ဆောင်နိုင်ပါသည်။ ဥပမာ-

  (၁) "=SUM(A1:A10)" cell A1 မှ A10 အတွင်းရှိဂဏန်းများအား ပေါင်းခြင်းဖြစ်ပါသည်။

  (၂) "=SUM(A1:A10,C5:C10)" cell A1 မှ A10 အတွင်းရှိဂဏန်းများနှင့် cell C5 မှ C10 အတွင်းရှိ ဂဏန်းများအား ပေါင်းခြင်းဖြစ်ပါသည်။

  (၃) "=SUM(A1,A5,E4)" cell A1, A5 နှင့် E4 အတွင်းရှိဂဏန်းများအား ပေါင်းခြင်း ဖြစ်ပါသည်။

- ကိန်းဂဏန်းများကို မြှောက်ခြင်း ("**=PRODUCT()**")

  မြှောက်လိုသော cell လိပ်စာများကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုထက်ပိုသော လိပ်စာများပေးလိုပါက ကြားတွင် "," ထည့်ပေးရမည်။

  ဥပမာ - "=PRODUCT(A1:A10)" cell A1 မှ A10 အတွင်းရှိ ဂဏန်းများအား မြှောက်ခြင်းဖြစ်ပါသည်။

- ကိန်းဂဏန်းများ၏ ပျမ်းမျှကိန်း/ယေဘုယျဂဏန်းကိုရှာခြင်း ("**=AVERAGE()**")

  cell လိပ်စာများကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုထက်ပိုသော လိပ်စာများပေးလိုပါက ကြားတွင် "," ထည့်ပေးရမည်။

  ဥပမာ - "=AVERAGE(A1:A10)" cell A1 မှ A10 အတွင်းရှိဂဏန်းများ၏ပျမ်းမျှကိန်း/ယေဘုယျကိန်းကို ရှာခြင်း။

- ကိန်းဂဏန်းများအားလုံးထဲတွင် အငယ်ဆုံး ဂဏန်းကို ရှာခြင်း ("**=MIN()**")

  cell လိပ်စာများကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုထက်ပိုသော လိပ်စာများပေးလိုပါက ကြားတွင် "," ထည့်ပေးရမည်။ အကယ်၍ "0" ရှောင်ပြီး အငယ်ဆုံးဂဏန်းကို ရှာလိုပါက (၂) အတိုင်းလုပ်ပါ။ ဥပမာ -

  (၁) "=MIN(A1:A10)" cell A1 မှ A10 အတွင်းရှိ ကိန်းဂဏန်းများ၏ အငယ်ဆုံးကိန်းအား ရှာဖွေခြင်းဖြစ်သည်။

  (၂)"=MIN(IF($A$1:$A$10<>0,$A$1:$A$10))" ဟုရိုက်ပြီး "Enter" ခေါက်သည့်အခါ "Shift+Ctrl" ကိုပါ ဖိထားပါ။

- ကိန်းဂဏန်းများအားလုံးထဲတွင် အကြီးဆုံး ဂဏန်းကို ရှာခြင်း ("**=MAX()**")

  cell လိပ်စာများကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုထက်ပိုသော လိပ်စာများပေးလိုပါက ကြားတွင် "," ထည့်ပေးရမည်။

  ဥပမာ - "=MAX(A1:A10)" cell A1 မှ A10 အတွင်းရှိ ကိန်းဂဏန်းများ၏ အကြီးဆုံးကိန်းအား ရှာဖွေခြင်းဖြစ်သည်။

- ကိန်းဂဏန်းတစ်ခုထဲမှ တစ်ခုနုတ်ခြင်း ("-")

  cell တစ်ခုရှိ ကိန်းနှင့် အခြား cell တစ်ခုရှိကိန်းအား နုတ်လိုလျှင် သီးခြား function သုံးစရာမလိုပဲ ကီးဘုတ်မှ "-" လက္ခဏာဖြင့် ပြုလုပ်နိုင်ပါသည်။ ဥပမာ - (၁) "=A1-B1" cell A1 ရှိ ကိန်းထဲမှ cell B1 ရှိ ကိန်းအား နုတ်ခြင်းဖြစ်ပါသည်။

- ထပ်ကိန်းရှာခြင်း ("**=POWER(number, power)**")

  လက်သည်းကွင်းအတွင်းတွင် ထပ်ကိန်းရှာလိုသည့် ကိန်းဂဏန်းနှင့် ထပ်ကိန်းဂဏန်းကို ထည့်ပေးရမည်။

  ဥပမာ- "=POWER(4,2)" ၄ ၏ နှစ်ထပ်ကိန်းကို ရှာခြင်းဖြစ်သည်။

- နေ့စွဲများအတွင်းတွင် ခုနှစ်ကို ယူခြင်း ("**=Year()**")

  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာကို ထည့်ပေးရမည်။

  ဥပမာ - "=Year(A1)" A1 တွင်းတွင်ရှိသော နေ့စွဲမှ ခုနှစ်ကို ပိုင်းယူခြင်းဖြစ်သည်။

- နေ့စွဲများအတွင်းတွင် လ ယူခြင်း ("**=MONTH()**")

  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာကို ထည့်ပေးရမည်။

  ဥပမာ- "=Month(A1)" A1 တွင်းတွင်ရှိသော နေ့စွဲမှ လ ကို ပိုင်းယူခြင်းဖြစ်သည်။

| | A | B | C |
|---|---|---|---|
| 1 | ၀၁/၁၂/၂၀၁၇ | ၂၀၁၇ | =YEAR(A1) |
| 2 | | ၁ | =MONTH(A1) |
| 3 | | ၁၂ | =DAY(A1) |

- နေ့စွဲများအတွင်းတွင် ရက် ယူခြင်း ("**=DAY()**")

  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာကို ထည့်ပေးရမည်။

  ဥပမာ - "=Day(A1)" A1 တွင်းတွင်ရှိသော နေ့စွဲမှ ရက် ကိုပိုင်းယူခြင်းဖြစ်သည်။

- ကိန်းဂဏန်းများ၏အနီးဆုံး ဂဏန်းကို ရှာခြင်း ("**=ROUND(number, no. of decimal place)**")

  cell လိပ်စာတစ်ခုကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်။

  ဥပမာ - "=ROUND(A1,0)" cell A1 အတွင်းရှိ ကိန်းဂဏန်း၏ အနီးဆုံးကိန်းအား ရှာဖွေခြင်းဖြစ်သည်။

  A1= 7.546 ဆိုပါစို့။ ရလဒ်မှာ "8" ဖြစ်ပါမည်။

  အနီးဆုံးဂဏန်းလျော့ပြီးရယူချင်ပါက "**ROUNDDOWN**" Function ကို သုံးနိုင်ပါသည်။

  ဥပမာ - "=ROUNDDOWN(A1,0)" ရလဒ်မှာ "7" ဖြစ်ပါမည်။

  အနီးဆုံးဂဏန်းတိုးပြီးရယူချင်ပါက "**ROUNDUP**" Function ကို သုံးနိုင်ပါသည်။

  ဥပမာ - "=ROUNDUP(A1,0)" ရလဒ်မှာ "8" ဖြစ်ပါမည်။

| A | B | C |
|---|---|---|
| 7.546 | 8 | =ROUND(B1,0) |
| | 7 | =ROUNDDOWN(B1,0) |
| | 8 | =ROUNDUP(B1,0) |

- အကြွင်းကို ရှာခြင်း (“**=MOD(number, divisor)**”)

  ကိန်းဂဏန်းနှစ်ခုစားခြင်းဖြင့် ရရှိလာမည့် အကြွင်းဂဏန်းကို ရှာခြင်းဖြစ်သည်။ လက်သည်းကွင်းအတွင်းတွင် စားလိုသည့်ဂဏန်း (ပိုင်းဝေ) နှင့် စားမည့်ဂဏန်း (ပိုင်းခြေ) တို့ကို ထည့်ပေးရသည်။

  ဥပမာ - “=MOD(34,8)” ၃၄ ကို ၈ ဖြင့် စားသည့်အခါ ရရှိလာမည့် အကြွင်းကို ရှာခြင်းဖြစ်ပါသည်။

- ယူနစ်တစ်ခုမှ အခြားယူနစ်တစ်ခုသို့ပြောင်းခြင်း (“**=CONVERT(number/cell address, from unit, to unit)**”)

  လက်သည်းကွင်းအတွင်းတွင် (cell လိပ်စာ၊ လက်ရှိယူနစ်၊ ပြောင်းလိုသောယူနစ်) သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုနှင့်တစ်ခု ကြားတွင် “,” ထည့်ပေးရပါမည်။ ယူနစ်များကို “” အတွင်းတွင်ထားရှိရမည်။ အကယ်၍ ပြောင်းလို့မရနိုင်သော ယူနစ်များပေးပါက “#N/A” ဟုသာ ပေါ်ပါမည်။ ဥပမာ -

  (၁) “=CONVERT(A1,”lbm”,”kg”)” cell A1 ရှိဂဏန်းအား ပေါင်ယူနစ်မှ ကီလိုဂရမ်ယူနစ်သို့ပြောင်းခြင်း။

  (၂)“=CONVERT(A1, “lbm”,”gal”)” cell A1 ရှိဂဏန်းအား ပေါင်ယူနစ်မှ ဂါလံယူနစ်သို့ ပြောင်းခြင်းဖြစ်ပြီး ပြောင်း၍ မရနိုင်သောကြောင့် “#N/A” ဟုသာ ပေါ်ပါမည်။


Copyright@MIMU 2018